**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org


## (၇၃)ကြိမ်မြောက် ကရင်အမျိုးသား တော်လှန်ရေးနေ့သို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုးမှ ပေးပို့သော သဝဏ်လွှာ

ကရင်သက္ကရာဇ် ၂၇၆၁ ခုနှစ်၊ သလေ လကွယ်နေ့
ဇန္နဝါရီလ (၃၁) ရက်နေ့၊ ၂၀၂၂ ခုနှစ်

**ကရင့်အမျိုးသား အပေါင်းတို့၊ မျိုးချစ်တော်လှန်ရေး အပေါင်းတို့-**

ယနေ့သည် ကရင့်အမျိုးသား ခုခံတော်လှန်ရေး (၇၃)နှစ် ပြည့် မြောက်သည့်နေ့ ဖြစ်ပါသည်။ ကရင့်အမျိုးသားများ၏ သမိုင်းတစ်လျှောက်တွင် ကရင့်အမျိုးသားများ ဖိနှိပ်မှု အမျိုးမျိုးမှ လွတ်မြောက်ပြီး လွတ်လပ်မှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် စည်းစည်းလုံးလုံးဖြင့် ပထမဦးဆုံးအကြိမ် ခုခံတော်လှန်ခဲ့ကြသည့်နေ့ တနေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ ကရင့်အမျိုးသား ခုခံတော်လှန်ရေး (၇၃) နှစ် ပြည့်မြောက်သည့်နေ့တွင် မိမိအနေဖြင့် ခုခံတော်လှန်းရေးတလျှောက်တွင် နိုင်ငံနှင့်လူမျိုးအတွက် အသက်၊ သွေး၊ ချွေးနှင့် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ပေးဆပ်ခဲ့ကြသော ကရင် အမျိုးသား ခေါင်းဆောင်များ၊ မျိုးချစ် စစ်သည်တော်များနှင့် ကရင်အမျိုးသားအားလုံးကို ဂုဏ်ယူမှတ်တမ်းတင်လျက် လေးစားအသိအမှတ်ပြုပါသည်။ ထို့အပြင်၊ ကရင်အမျိုးသား ခေါင်းဆောင်များ၊ မျိုးချစ် စစ်သည်တော်များနှင့် ကရင်အမျိုးသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာလျက် သာယာဂ ပြောခြင်းအပြင် ရန်သူမျိုး အပေါင်းမှ အောင်မြင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါ သည်။

မိမိတို့ ကရင့်အမျိုးသားများ၏ သမိုင်းတလျှောက်တွင် လူမျိုးကြီး စနစ်နှင့် လူမျိုးကြီး ဝါဒီများ ၏ ဖိနှိပ်မှုများ၊ နိုင်ထက်စီးနင်းမှုများနှင့် သတ်ဖြတ်မှုများကို နည်းမျိုးစုံဖြင့် ခံစားခဲ့ကြရပါသည်။ ထို့ကြောင့်၊ လူမျိုးတစ်မျိုး အနေဖြင့် လွတ်လပ်စွာ ရှင်သန်ရပ်တည်ပြီး မိမိတို့၏ ကံကြမ္မာကို မိမိတို့ ကိုယ်တိုင် ဖန်တီးနိုင်ရန်အတွက် လွတ်လပ်ပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်ကို တောင်းဆိုခဲ့ကြပါ သည်။ ထို့ကြောင့်၊ ကရင်အမျိုးသားများ၏ ရည်မှန်းချက်ပန်းတိုင်ကို ပြီးပြည့်စုံစေရန်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခဲ့ ကြပါသည်။ ကရင်အမျိုးသားများ၏ ရည်မှန်းချက်များကို နိုင်ငံရေး နည်းလမ်းဖြင့် အကောင်အထည် ဖော်ဆောင်နိုင်ရန်အတွက် ကိုယ်စားပြုကာ ဦးဆောင်မှုများပေးရန်ဖြစ်ပါသည်။

သို့ရာတွင် အုပ်ချုပ်သူများမှ စစ်ရေးအရ အကြမ်းဖက်သည့်နည်းအပြင် စစ်ရေးပဋိပက္ခကိုသာ နည်းမျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ဖန်တီးခဲ့ကြပါသည်။ ထို့ကြောင့်၊ ကရင်အမျိုးသားများ၏ နိုင်ငံရေး ရပ်တည်ချက်များ ကရင်အမျိုးသားများအပြင် ပြည်သူလူထု၏ အသက်နှင့် အိုးအိမ်းစည်းစိမ်များကို ကာကွယ်နိုင်ရန်အတွက် ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၁) ရက်နေ့တွင် လက်နက်ကိုင် ခုခံတော်လှန်ရေး ကို စတင်ဆင်နွှဲ ခဲ့ရပါသည်။ ကရင်အမျိုးသားများ၏ ပေးအပ်ထားသော တာဝန်ဝတ္တရားများနှင့်အညီ မိမိတို့ အမျိုးသားများအား တစိုက်မတ်မတ် ဦးဆောင်ခဲ့ပြီး မိမိတို့ ကရင်အမျိုးသားများ၏ ကူညီ ထောက်ပံ့မှုများကြောင့်သာလျှင် ခုခံတော်လှန်ရေးကြီးသည်လည်း ယနေ့ (၇၃) နှစ် ပြည့်မြောက်လာ သည် အထိ မားမားမတ်မတ် ရပ်တည် နိုင်ခဲ့ပါသည်။

လက်နက်ကိုင် ခုခံတော်လှန်ရေး (၇၃) နှစ်အတွင်း အသက်၊ ခန္ဓာနှင့် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့ပါသည်။ ထို့အပြင်၊ နိုင်ငံရေး၏ ဂဲကယက်များနှင့် နိုင်ငံရေး ရပ်တည်ချက်များ၊ နိုင်ငံရေးအမြင်နှင့် နိုင်ငံရေးအရ နည်းပရိယာယ် မတူညီမှုများကြောင့် အချင်းချင်းအကြား ပစ်တင်ပြောဆိုခြင်း၊ ကွဲပြား ခြင်းနှင့် ရန်ဖက်ပြုပြီး အပြန်အလှန်တိုက်ခိုက်ခဲ့ရသည့် အတွေ့အကြုံများလည်း ရှိခဲ့ပါသည်။ လုပ်ဖော်ကိုင်ဖက် ခေါင်းဆောင် အချို့မှာလည်း ပင်ပန်းနွမ်းနယ်ပြီး ယုံကြည်မှုများ ပျက်သုန်းခဲ့ကြသောကြောင့် ပူးပေါင်း ဆောင်ရွက်မှုအပြင် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအား ကျောခိုင်းခဲ့ကြသည့် အတွေ့အကြုံ များလည်း ရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ အဆက်ဆက်သော ခေါင်းဆောင်များမှ ကေအဲန်ယူ-ကရင် အမျိုးသား အစည်းအရုံး၏ ချမှတ်ထားသော နိုင်ငံရေး၊ ခုခံတော်လှန်ရေး နှင့် ရှေ့လုပ်ငန်း လမ်းစဉ်အတိုင်း ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး ရေချိန်များနှင့်အညီ နိုင်ငံရေး လုပ်ငန်းစဉ်များ နှင့် စစ်ရေးဆိုင်ရာ ဗျူဟာများကိုချမှတ်ပြီး အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြပါသည်။

၂၀၁၂ ခုနှစ်မှစပြီး ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် အုပ်ချုပ်သူများနှင့် အပစ်အခတ် ရပ်စဲခဲ့ပါသည်။ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေး နည်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာကြ ပြီး ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံကို တည်ထောင်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် အခြားသော ခုခံတော်လှန် သည့် အဖွဲ့အစည်းများနှင့်အတူ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆို ခဲ့ကြပါသည်။ သို့ရာတွင်၊ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူ စာချုပ်ပါ သဘောတူညီ ချက်များအတိုင်း တန်းတူရေး နှင့် အပြန်အလှန် အသိအမှတ်ပြုရေးများကို အကောင်အထည် ဖော်ဆောင် နိုင်ခြင်း မရှိခဲ့သည့်အတွက် ခိုင်မာသည့် အပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေးအရ အဖြေရှာနိုင်မှုများကို လည်း ဖော်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အပစ်အခတ် ရပ်စဲထားသည့် ကေအဲန်ယူ-ကရင်အမျိုးသား အစည်း အရုံးအနေဖြင့် ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် နည်းလမ်းမျိုးစုံ ရှာကြံအားထုတ်ခဲ့ရပါသည်။

ထို့အပြင်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်၏ ထိပ်ပိုင်းခေါင်းဆောင်များမှ ပြည်နယ် နှင့် ပြည်ထောင်စုအဆင့်ရှိ နိုင်ငံ့အကြီးအကဲများအား မဲမသမာမှုများဖြင့် သမုတ်ခြင်း၊ ထောင်ချဖမ်းဆီးခြင်း များနှင့် နိုင်ငံ၏ အာဏာကို အတင်းအဓမ္မ ထိန်းသိမ်းရယူခဲ့ပြန်ပါသည်။ ထိုကဲ့ သို့ အာဏာကို အတင်းအဓမ္မ ထိန်းသိမ်းရယူခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သွေဖယ်နေသည် ကို သိရှိနားလည်နေကြသည့် နိုင်ငံ့အဂှမ်းရှိ ပြည်သူလူထုနှင့် နိုင်ငံ့ဂန်ထမ်းများမှ လက်ခံနိုင်ခြင်း မရှိသည့်အတွက် ထိုကဲ့သို့သော အာဏာသိမ်းမှုများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။ ဒီမိုကရေစီ၏ လုပ်ထုံးလုပ်နည်းများကို ဆန့်ကျင် ပယ်ဖျက်ပြီး စစ်အာဏာရှင် စနစ်ကို ပြန်လည် အသက်သွင်း ခြင်းများသာဖြစ်သောကြောင့် နိုင်ငံ့ ဂန်ထမ်းများမှ အလုပ်သွားခြင်း၊ ရုံးတက်ခြင်းများကို ရပ်ဆိုင်းခဲ့ ကြခြင်းဖြင့် ဆန့်ကျင်ဆန္ဒပြခဲ့ကြပါသည်။

ထို့ကြောင့်၊ ပြည်သူလူထုမှ အာဏာသိမ်းမှုများကို ဆန့်ကျင်ဆန္ဒပြမှုများ ပို၍ပို၍ပြင်းထန် လာပါ သည်။ ပြည်သူလူထုများက အေးချမ်းစွာ ဆန့်ကျင်ဆန္ဒပြမှုများဖြင့်သာ ဆန္ဒပြခဲ့ကြပါ သော်လည်း စစ်တပ်မှ ဆန္ဒပြသူများအပြင် အပြစ်မဲ့ ပြည်သူများအား အကြမ်းဖက်ပြီး နှိပ်စက်ရိုက် နက်မှုများ ပစ်ခတ် သတ်ဖြတ်မှု များကို အတင့်ရဲစွာ လုပ်ဆောင်ခဲ့ကြပါသည်။ ထို့ကြောင့်၊ နိုင်ငံရေး ခေါင်းဆောင်များ၊ အရပ်ဖက် အဖွဲ့ အစည်းများအပြင် လူငယ်လူရွယ်များမှာ တိုင်းရင်းသား ခုခံတော်လှန်ရေး နယ်မြေများသို့ ထွက်ပြေး တိမ်းရှောင် နေကြရပါသည်။ အချို့မှာလည်း မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး၏ နယ်မြေ များ တွင် ဂင်ရောက်ခိုလှုံနေကြရပါသည်။

လွန်ခဲ့သော ခေတ်ကာလများတွင် ခုခံတော်လှန်နေကြသူများသည် မြန်မာလူမျိုး မဟုတ် သော အခြားလူမျိုးများကသာ အမျိုးသားတန်တူရေး နှင့် ကိုယ်ပိုင် ပြဌာန်းခွင့်များအတွက် ခုခံ တိုက်ပွဲ ဂင်ခဲ့ကြ ပါသည်။ သို့ရာတွင်၊ ယခုလက်ရှိကာလတွင် အလွှာအသီးသီးရှိ မြန်မာလူမျိုးများမှ အစိုးရ ဂန်ထမ်းများ၊ အလုပ်သမားများ နှင့် လူငယ်လူရွယ်များမှာ အသိအမြင်များ ပွင့်လင်းလာကြပြီး မိမိတို့၏ အနာဂါတ် လှပရေး နှင့် မိမိတို့ ရှေ့ဆက်ဘဂ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ် အာဏာရှင် များ၏ နိုင်ငံရေး နှင့် စစ်ရေး လမ်းစဉ်များကို ခုခံတော်လှန်နေကြပါပြီ။ နေရာဒေသ အသီးသီးတွင် အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့(**PDF**)

နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့(LDF)များကို ပုံစံအမျိုးမျိုးဖြင့် တည်ထောင်လာကြကာ စစ်အာဏာရှင်စနစ် နှင့် အာဏာရှင် စနစ်မှန်သမျှ ချုပ်ငြိမ်းပြီး ဖက်ဒရယ် ဒီမိုကရေစီ စနစ်တည်ဆောက်ရေးအတွက် လက်နက်ကိုင် ခုခံတိုက်ပွဲဝင်နေကြပါသည်။ ဤကဲ့သို့ လက်နက်ကိုင် ခုခံတိုက်ပွဲဝင်သူများ၏ လှုပ်ရှားမှု များက မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်း အရုံးနှင့် တစ်နည်းတဖုံ ဆက်နွယ်နေမှုများ ရှိနေသည့် အတွက် အချို့သော နေရာဒေသရှိ ပြည်သူ လူထုများမှာလည်း စိုးရိမ်ကြောင့်ကြမှုများ၊ အသက်အန္တရာယ် များ နှင့် ရင်ဆိုင်ကြုံတွေ့နေကြရ ပြီး မိမိတို့၏ ရပ်ရွာများနှင့် နေအိမ်များကို စွန့်ခွါထွက်ပြေးကာ တောတွင်း၌ ပုန်းအောင်းနေကြရပါသည်။

**ကရင့်အမျိုးသား အပေါင်းတို့၊ မျိုးချစ်တော်လှန်ရေး အပေါင်းတို့**

မိမိတို့ ကရင်အမျိုးသား ခုခံတော်လှန်ရေး၏ ရည်ရွယ်ချက်သည် စစ်အာဏာရှင် စနစ်နှင့် လူမျိုးကြီး ဝါဒကို ဖျက်သိမ်းပြီး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်များကို အပြည့်အဝ အာမခံချက် ပေးနိုင် သည့် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံ အစစ်အမှန်ကို တည်ထောင်ရန်ဖြစ်ပါသည်။ ဤရည်မှန်းချက်ကြီးသည် မိမိတို့ ကရင်တစ်မျိုးသားလုံးအပြင် ကရင်အမျိုးသား အကျိုးစီးပွါးအတွက် ကြိုးပမ်းအားထုတ်နေကြသည့် ကရင်အမျိုးသား အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်နေပါသည်။ ထို့အပြင်၊ နိုင်ငံအဂှမ်းရှိ လူမျိုးတိုင်း၏ ရည်မှန်းချက်များ၊ အကျိုးစီးပွါးများနှင့်လည်း တိုက်ရိုက် သက်ဆိုင်နေပါသည်။ ယခုလက်ရှိအချိန်တွင် မိမိတို့ အနေဖြင့် လူမျိုးကြီးဝါဒကို လက်ကိုင်အသုံးချနေ သော စစ် အာဏာရှင်များနှင့် ရင်ဆိုင်နေရပါသည်။ မိမိတို့ အနေဖြင့် လူမျိုးကြီးဝါဒနှင့် အာဏာရှင် စနစ်များကို ပုံစံမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့နေရသမျှ ကာလပတ်လုံး မိမိတို့ အမျိုးသားများ၏ ဂုဏ်အင်္ဂါရပ်များ၊ သမိုင်းနှင့် ရိုးရာ ယဉ်ကျေးမှုများ အတွန့်ရှည်ပြီး အစဉ်ထာဝရ ဖွံ့ဖြိုးတိုးတက်နိုင် ရေးအတွက် ထိန်းသိမ်းမြှင့်တင်နိုင် မည် မဟုတ်ပေ။ ထို့ကဲ့သို့သော အကြောင်းရင်း တရားများကြောင့် စစ်အာဏာရှင် စနစ်အပြင် လူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ် မှန်သမျှကို အပြီးတိုင် ချုပ်ငြိမ်းစေပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ အစစ်အမှန်ကို တည်ထောင်နိုင်ရေးအတွက် မိမိတို့ ကရင် အမျိုးသားများ၊ ကရင်အမျိုးသား အဖွဲ့အစည်းများ နှင့် နိုင်ငံအဂှမ်းရှိ ပြည်သူလူထု တစ်ရပ်လုံးက အင်တိုက် အားတိုက် ပူးပေါင်းဆောင်ရွက် ကြရပါမည်။

ထို့ကြောင့်၊ ပြည်ထောင်စုကြီး၏ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခု တည်းသော နည်းလမ်းသည် သက်ဆိုင်ရာ လူမျိုးအားလုံးအတွက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်များကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံ အစစ်အမှန်ကို တည်ထောင် ရန်သာ ရှိပါသည်။ ကမ္ဘာကုလ သမဂ္ဂနှင့် အာစီယံ နိုင်ငံရှိ အဖွဲ့အစည်း များအား မိမိအနေဖြင့် တောင်းဆိုလိုသည်မှာ မိမိတို့ နိုင်ငံ၏ နိုင်ငံရေး ပဋိပက္ခနှင့် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်း အားထုတ် ကြရာ၌ မိမိတို့နိုင်ငံ၏ ပကတိ အခြေအနေ အမှန်အတိုင်း သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် ကူညီပံ့ပိုးသွားကြရန်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခု ကရင့်အမျိုးသားများ၏ (၇၃) နှစ်မြောက် ခုခံတော်လှန်ရေးနေ့ အခါသမယ ၌ တိုက်တွန်းလိုသည်မှာ စစ်အာဏာရှင် စနစ်၊ လူမျိုးကြီး ဝါဒနှင့် အာဏာရှင် စနစ် အမျိုးမျိုး၏ ရန်မှ ကင်းလွတ်သော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံ အစစ်အမှန်ကို တည်ထောင်နိုင်ရန် ကြိုးစား အားထုတ်ကြပါ။ ပြည်သူလူထု အားလုံးနှင့် ပြည်ထောင်စုကြီးအတွင်းရှိ လူမျိုးတိုင်း၏ အကျိုးစီးပွါး၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အနာဂါတ် မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ဦးတည်လျှက် မိမိတို့ ကရင်အမျိုးသားများအပြင် သက်ဆိုင်ရာ လူမျိုးတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် ပြည်သူလူထု တစ်ရပ်လုံးက စည်းစည်းလုံးလုံးနှင့် စွမ်းစွမ်းတမံ ကြိုးပမ်းအား ထုတ်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

**တော်လှန်သစ္စာဖြင့်-**

**စစ်မှန်သောတော်လှန်ရေး မုချအောင်ရမည်......**